မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲဖြစ်သော ပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး[၁] အဆင့်တွင် အရေးယူနိုင်ရေးအတွက် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေ တင်ပြချက်နှင့် ပူးပေါင်းဆောင်ရွက် ကြပါရန် ပန်ကြားချက်

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲဖြစ်သော ပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး[၂] အဆင့်တွင် အရေးယူနိုင်ရေးအတွက် မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီတို့ပူးတွဲကာ ၂၀၀၃ ခုနှစ် ဒီပဲယင်းဖြစ်ရပ်ကြီးဖြစ်ပွားပြီးချိန်မှစတင်ကြိုးပမ်းခဲ့သည်။ ယင်းနောက်ပိုင်း ၂၀၀၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့အခြေစိုက် Global Justice Centre နှင့် ပူးပေါင်း၍ နိုင်ငံတကာဥပဒေများကို ဆက်လက်လေ့လာကာ နည်းလမ်းများ ရှာဖွေဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူ့အခွင့်အရေးအဖွဲ့အစည်းပေါင်း (၁၅၀)ကျော်ဖြင့် စုပေါင်းဖွဲ့စည်းထားသော ပြင်သစ်နိုင်ငံ ပဲရစ်အခြေစိုက် FIDH အဖွဲ့ကြီးက မိမိတို့၏ ကြိုးပမ်းမှုကို ထောက်ခံပံ့ပိုးသွားရန် သဘောထားချမှတ်ခဲ့သည်။

မြန်မာနိုင်ငံအတွက် လူ့အခွင့်အရေး သတင်းမှတ်တမ်းများကို အထူးပြုစုဆောင်းသည့် အဖွဲ့အစည်း (၁၀)ဖွဲ့ဖြင့် စုပေါင်းထားသော ND Burma သည် အဆိုပါရည်မှန်းချက်အတွက် ၂၀၀၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် စတင်ဆွေးနွေးခဲ့သည်။ ၂၀၀၈ ခုနှစ် ဧပြီလ (၇)ရက်နေ့တွင် နှစ်ဘက်နားလည်သဘောတူညီမှုစာလွှာ လက်မှတ်ရေးထိုး၍ လက်တွဲလုပ်ဆောင်လာခဲ့သည်။ ND Burma ၏ အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

General Membership of ND-Burma

1) Assistance Association for Political Prisoners (AAPP)
2) Burma Issues (BI)
3) Earth Rights International (ERI)
4) Human Rights Documentation Unit (HRDU)
5) Human Rights Education Institute of Burma (HREIB)
6) Human Rights Foundation of Monland (HURFOM)
7) Kachin Women's Association of Thailand (KWAT)
8) Lahu Women's Organizations (LWO)
9) Palaung Women's Organization (PWO)
10) Palaung Youth Network Group (PYNG)

အမျိုးသမီးအဖွဲ့အစည်းပေါင်း (၁၂)ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသည့် အမျိုးသမီးအဖွဲ့ချုပ် Women's League of Burma(WLB)သည် မြန်မာနိုင်ငံတွင်ဖြစ်ပွားလျှက်ရှိသော ပြစ်မှုကြီးများနှင့်စပ်လျဉ်း၍ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးအနေဖြင့် အရေးယူ ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှလွှဲပြောင်းပေးအပ်ရန်ကြိုးပမ်း

[1] International Criminal Court
[2] International Criminal Court

မှုကို မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ Global Justice Center ၊ ND Burma တို့နှင့် အတူ ပူးပေါင်းကြိုးပမ်းသွားမည်ဖြစ်ကြောင်းဖြင့် ၂၀၀၈ ခုနှစ် ဩဂုတ်လ (၆)ရက်နေ့တွင် သဘောထားပေးပို့ခဲ့သည်။

တစတစ အရှိန်တစုံတရာ ရလာပြီဖြစ်သော်လည်း လှုပ်ရှားမှုအနေအထားမှာ လိုအပ်သည့် အဆင့်သို့မရောက်ရှိသေးပါ။ ဤလုပ်ငန်းစဉ်မှာ များစွာခက်ခဲသော ကိစ္စဖြစ်ပါသည်။ ဥပဒေရေးရာ သက်သက်တခုတည်းဖြင့် ချည်းကပ်လုပ်ဆောင်၍ မရနိုင်ပါ။ ဥပဒေရေးရာအရ၊ နိုင်ငံရေးအရ၊ သံတမန်ရေးနှင့် နိုင်ငံတကာဖိအားများအရ၊ ပြည်တွင်းလူထုလှုပ်ရှားမှုများနှင့် နိုင်ငံတကာရောက် ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများ၏ ပူးပေါင်းဆောင်ရွက်၍ လက်တွဲနိုင်သည့် အဖွဲ့အစည်းကြီးများ၏ တူညီသော ဦးတည်ချက်ပေါ်တွင် အားလုံးစုပေါင်း ကြိုးပမ်းပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီအပေါ် ထိရောက်သော ဖိအားများပေးနိုင်မှသာလျှင် အောင်မြင်နိုင်ခြေရှိပါမည်။

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ဦးဆောင်ကာ တင်သွင်းခဲ့သည်။ ထိုစဉ်က အဆိုပြုဆုံးဖြတ်ချက်များတွင် နယ်စပ်ဖြတ်ကျော် လူမှောင်ခိုကူးမှု၊ ဒုက္ခသည်၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု စသည်များကို ထောက်ပြကာ မြန်မာနိုင်ငံ အတွင်းရှိ လူ့အခွင့်အရေး ချိုးဖေါက်မှုပြဿနာမှာ နိုင်ငံတကာ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ထိပါးသည့် အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း (၇)တွင် ပါရှိသော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်အတွင်းသို့ကျရောက်နေပြီ ဖြစ်ကြောင်းဖြင့် ပါရှိခဲ့သည်။ သို့ရာတွင် တရုပ် နှင့် ရုရှက ဗီတိုအာဏာကိုသုံး၍ ပယ်ချခဲ့သည်။ အဓိက အကြောင်းပြချက်မှာ မြန်မာနိုင်ငံ၏ ဤခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ထိပါးသည့် အဆင့်သို့ ရောက်ရှိနေပြီ ဟု မယူဆနိုင်ကြောင်း ဟူ၍ဖြစ် သည်။ တရုတ်ပြည်၏ အဓိက ထောက်ပြချက်မှာ မြန်မာနိုင်ငံအရေးကြောင့် နိုင်ငံတကာ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ထိခိုက်နေပြီဟု ဆိုလျှင် ပထမဆုံးအဆိုပြုတင်သွင်းသင့်သော နိုင်ငံများမှာ အိမ်နီးခြင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများဖြစ်သည် ဟူသော အချက်ပင်။ ဆိုလိုသည်မှာ အိမ်နီးခြင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများက အဆိုပြုတင်သွင်းခြင်း မရှိသောကြောင့် နိုင်ငံတကာ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ထိပါးပြီဟု မယူဆနိုင်ကြောင်း ဖြစ်သည်။

ဤအနေအထားကို ပြန်လည်သုံးသပ်ရန်လိုအပ်လာသည်။ ထိုစဉ်က အဆိုပြုတင်သွင်းချက်တွင် လူ့အခွင့်အရေး ချိုးဖေါက်ခံရမှုများကို ရည်ညွှန်း၍ ကုလသမဂ္ဂပဋိညာဉ်စာတမ်း အခန်း (၇) ကို ကိုးကားအသုံးပြုရန် ကြိုးပမ်းခဲ့သော်လည်း အဓိက အားပြု တင်သွင်းသည့် အကြောင်းအရာများမှာ ပြည်တွင်းနိုင်ငံရေး အခြေအနေများ ဖြစ်နေသောကြောင့် ဟု သုံးသပ်ပါသည်။ မြန်မာနိုင်ငံ၏ ပြဿနာသည် နိုင်ငံတကာ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ထိပါးနေပြီ ဟု လက်ခံအောင် တင်ပြနိုင်ရန်မှာ များစွာအခက်အခဲရှိနေပါသည်။ ယင်းလမ်းကြောင်းတွင် ဆက်လက် တင်သွင်းနေသမျှကာလပတ်လုံး ပယ်ချခံရဘွယ် ရှိနေဆဲဖြစ်သည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ် အဖြစ်ခန့်အပ်ခံရသော ဂမ်ဘာရီမှာလည်း နအဖအပေါ်နိုင်ငံရေးအရဖိအား ဘာတခုမျှမပေးနိုင်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံကြသည့် ဟန်ပြတွေ့ဆုံမှုမျိုးကိုလုပ်ပြပြီး နိုင်ငံတကာဖိအားလျော့ပါးသွားအောင် နအဖ၏ ကြိုးပမ်းမှုကို ပံ့ပိုးပေးသည့် သဘောမျိုးသက်ရောက်နေသည်။ နအဖ၏ အမျိုးသားညီလာခံမှ ချမှတ်ထားသော ဖွဲ့စည်းပုံမူများအပေါ်တွင် အခြေပြု၍ သုံးသပ်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာသုံးသပ်မှုကော်မရှင် (Constitutional Review Commission) တရပ်ဖွဲ့စည်းဆောင်ရွက်ရန်၄င်းကိုယ်တိုင်က စာနှင့်ရေးသားအကြံပြုခဲ့သော်လည်း နအဖက ဘာတခုမှ လိုက်နာဆောင်ရွက်မှုမရှိ။ သူ့လမ်းကြောင်းသူလျှောက်ကာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပသွားခဲ့သည်။ ယင်းအပေါ်တွင် ဂမ်ဘာရီကိုယ်တိုင်က ဘာမှကန့်ကွက်ပြောဆိုခြင်း မရှိသည့်အပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည်ကိုပင် နိုင်ငံရေးတိုးတက်မှုတရပ်သဖွယ် သုံးသပ်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံကို အခြေပြု၍ ၂၀၁၀ ခုနှစ်တွင် နအဖ ကျင်းပမည့် ရွေးကောက်ပွဲကို လက်ခံသွားရန်ပင် ၂၀၀၈ ခုနှစ် ဩဂုတ်လ တတိယပတ်အတွင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အဆိုပြုခဲ့သူဖြစ်သည်။ ဂမ်ဘာရီ အပါအဝင် ကုလသမဂ္ဂမှ အခြားတာဝန်ရှိပုဂ္ဂိုလ်များ၏ မရေရာသောလုပ်ဆောင်

ချက်များကို ကြည့်ကာ ပြည်တွင်းလူထုက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအပေါ် စိတ်ပျက်နိုင်မည့် အနေအထား ရှိနေသည်။ ယင်းမှာ တိုင်းပြည်နှင့်လူထု၏အနာဂါတ်အတွက် ကောင်းသည့်အလားအလာမဟုတ်ပါ။

ယနေ့အချိန်တွင် မြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်း၍ စူးစိုက်မှုပေးကြသော ကုလသမဂ္ဂနှင့် နိုင်ငံတကာအပေါ် အဆိုးမြင် လွန်းခြင်းနှင့် အကောင်းမျှော်လင့်လွန်းခြင်း ဟူသော အစွန်းနှစ်ဘက်ကို သတိထားရှောင်ရန်လိုပါမည်။ အဆိုးမြင် လွန်းလျှင် ကုလသမဂ္ဂနှင့် နိုင်ငံတကာတွင်ရှိနေသော ယန္တယားများ၊ နိုင်ငံတကာဥပဒေများကို မြန်မာနိုင်ငံလူထု အကျိုးအတွက် အသုံးပြုနိုင်ရေးကို စဉ်းစားလုပ်ဆောင်ကြတော့မည်မဟုတ်ပါ။ အကောင်းမြင် မျှော်လင့်လွန်းလျှင် လည်း သိကြားမင်းကြီးဆင်းပြီး ကယ်တင်တော့မည့် သဘောမျိုးဖြစ်ကာ လူထုသည် မိမိတို့လုပ်ဆောင်ရမည့် ကိစ္စများကို အားသွန်ခွန်စိုက် ဆောင်ရွက်လုပ်ကိုင်ကြတော့မည် မဟုတ်ပါ။

ယနေ့အချိန်တွင် မြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာလှုပ်ရှားမှုများအားလုံးက အဓိကစူးစိုက်ရမည့် အဝန်း အဝိုင်းမှာ နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေ [၃] နှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားသည့် ဥပဒေ [၄] စသည် များအပေါ် နအဖ၏ ကျူးလွန်ချိုးဖေါက်မှုများ ဖြစ်သည်။ နအဖသည် အဆိုပါ ပြစ်မှုကြီးများကိုအမှန်တကယ်လည်း ကျူးလွန်ခဲ့၊ ကျူးလွန်ဆဲ ဖြစ်သည်။ ထိုသို့ ကျူးလွန်မှုများကို ထင်ရှားအောင် မီးမောင်းထိုးပြသွားရန်ဖြစ်သည်။ အတိအကျအားဖြင့်ဆိုလျှင် လူသားအဖြစ် ရှင်သန်မှုကို ဆန့်ကျင်ကျူးလွန်သည့်ပြစ်မှု [၅]၊ စစ်ရာဇဝတ်မှု [၆]၊ လူမျိုးတုံး သတ်ဖြတ်မှု [၇] စသည်တို့အနက် တရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ကျူးလွန်ခဲ့ကြောင်း နိုင်ငံတကာမှ လက်ခံ အောင် တင်ပြသွားရန်ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဆင့်မှ မြန်မာနိုင်ငံပြဿနာကို အရေးယူဆောင်ရွက် နိုင်ရေး ကြိုးပမ်းရာတွင် ပြည်တွင်းနိုင်ငံရေးအခြေအနေများထက်၊ ပြည်တွင်းတွင် နိုင်ငံတကာကအသိအမှတ်ပြုထား သော ပြစ်မှုကြီးများကို နအဖ၏ ကျူးလွန်မှုကြီးများအပေါ် အဓိကအားပြုတင်ပြသွားရန် ဖြစ်သည်။ ဤသည်မှာ ပြည်တွင်းနိုင်ငံရေးပြဿနာကို အရေးမကြီးဟု ဆိုလိုခြင်းမဟုတ်။ အမှန်တကယ် ကျူးလွန်ဖြစ်ပွားလျှက်ရှိသော ပြစ်မှုကြီးများကို မီးမောင်းထိုးကာ နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေအခြေခံကို ကိုင်စွဲ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူ ဆောင်ရွက်ခွင့်ရလာနိုင်မည့် အနေအထားတရပ် ဖေါ်ဆောင်သွားရန်ကို တိုက်တွန်းခြင်းသာ ဖြစ်သည်။ တနည်းအားဖြင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာဥပဒေအခြေခံများ၏ အားသာချက်များကို အသုံးချသွားရန် ဖြစ်သည်။ အထက်တွင် တင်ပြခဲ့သော ပြစ်မှုကြီးများကို ကျူးလွန်ခဲ့ကြောင်း တင်ပြနိုင်လျှင် ကုလသမဂ္ဂပဋိညာဉ်စါတမ်း အခန်း(၇) ကို ကိုးကား၍ပင် လုံခြုံရေးကောင်စီအနေဖြင့် အရေးယူဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိလာသည်ဟူသော အချက်ကို နိုင်ငံတကာဥပဒေအခြေခံမှ လက်ခံလာကြသောကြောင့် ဖြစ်သည်။

လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုကို လိုလားမြတ်နိုးတိုက်ပွဲဝင်လျှက်ရှိကြသော မြန်မာ့ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများကလည်း စစ်အုပ်စုထိပ်သီးများအတွင်းမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အပါအဝင် ပြစ်မှုကြီး များကို အမှန်တကယ်ကျူးလွန်ခဲ့ကြသူ စစ်ခေါင်းဆောင်မှန်သမျှကို နိုင်ငံတကာဥပဒေ၊ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာလူသားချင်းစါနာထောက်ထားသော ဥပဒေများကို ကျူးလွန်ချိုးဖေါက်သည့် စစ်ရာဇဝတ် ကောင်များ၊ အကြမ်းဖက်သမားများအဖြစ် နိုင်ငံတကာမျက်နှာစာ၌ ပုံဖေါ်သွားသင့်သော အချိန်ဖြစ်သည်။ နအဖ စစ်သားများက တိုင်းရင်းသူအမျိုးသမီးများအပေါ် ပြုကျင့်မှုများ၊ ကလေးစစ်သားအဖြစ် အတင်းအကြပ်ခိုင်းစေမှုများ၊ သံဃာတော်များ အပေါ်ရက်စက်စွာ ဖိနှိပ်မှုများအပါအဝင် ၄င်းတို့ကျူးလွန်ခဲ့သည့် အခြားရာဇဝတ်မှုကြီးများက ယင်း အချက်ကိုသက်သေခံလျှက်ရှိသည်။

[3] Rome Statue of the International Criminal Court
[4] The Genocide Convention, The Geneva Convention
[5] Crime Against Humanity
[6] War Crime
[7] Genocide

ဤမျှကြီးမားသည့် ပြစ်မှုကြီးများကို တညီတညွတ်တည်း ဖေါ်ထုတ်အရေးယူရန် ကြိုးပမ်းခြင်းမပြုဘဲ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးကိုသာ တင်ပြနေရုံမျှနှင့် စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေး ရဘို့ဝေးနေပါဦးမည်။ ပြစ်မှုကျူးလွန်မှုကြီးများတွင် တာဝန်ရှိမှုကိုဖေါ်ထုတ်ပြီး ထိုက်သည့်အားလျော်စွာ အရေးမယူနိုင်သမျှကာလ ပတ်လုံး ကြီးမားသောရာဇဝတ်မှုများကို ဆက်တိုက်ကျူးလွန်ခဲ့ကြသူများ လွတ်ငြိမ်းခွင့်ရနေကြဦးမည်။ ပြစ်မှုကျူး လွန်ခံရသူများအတွက် တရားမျှတမှုလည်း ကွယ်ပျောက်နေဦးမည်။ နောက်ထပ် သည့်ထက်ပိုသော ရက်စက် မှုကြီးများကို လက်ရဲဇက်ရဲ ဆက်လက်ကျူးလွန်ကြဦးမည်။ သို့ဖြစ်လျှင် ဥပဒေစိုးမိုးရေး ဆိတ်သုဉ်းနေမည်ဖြစ်ပြီး မည်သည့်အခါမျှ တရားမျှတမှုအပေါ်တွင်အခြေခံသည့် စစ်မှန်သော ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဖြစ်ပေါ်မလာနိုင်ပါ။

ပြည်တွင်းနှင့် နယ်စပ်ဒေသများတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင်ပါ မြန်မာနိုင်ငံရှိ နိုင်ငံတကာပြစ်မှုကြီးများ ကျူးလွန်လျက်ရှိသော ရာဇဝတ်ကောင်များကို ဖေါ်ထုတ်အရေးယူရေး တောင်းဆိုလှုပ်ရှားမှု ပြင်းထန်အားကောင်း လာလျှင် နိုင်ငံရေးအရ ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် များစွာဖိအားပေးရာရောက်ပါမည်။

ယင်းသို့ဖြစ်လာပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ နောက်တကြိမ် မဲခွဲဆုံးဖြတ်ရသည့် အခြေအနေရောက်ရှိ ပါက တရုပ်နှင့် ရုရှတို့အနေဖြင့် မထောက်ခံသည်ထားဦး (ဆူဒန်နိုင်ငံ ဒါဖါးမှုခင်းမှာကဲ့သို့) မဲမပေးဘဲ ကြားနေခြင်းဖြင့် လုံခြုံရေးကောင်စီအဆင့်ကို ဖြတ်သန်းခွင့် ရနိုင်ခြေရှိသည်။ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးက အရေးယူရေး အဆိုကို ကြီးငါးကြီးအနက် အနောက်ဒီမိုကရေစီနိုင်ငံများဖြစ်သော ဗြိတိန်၊ ပြင်သစ် နိုင်ငံကြီးနှစ်နိုင်ငံကအားကောင်း ကောင်းတင်သွင်းပြီး တရုပ်က ကြားနေ နေမည်ဆိုလျှင် ရုရှတနိုင်ငံတည်း နအဖကို လူမုန်းခံကာ ကာကွယ်ရန် အကြောင်းမရှိပါ။ ဤတွင် တရုပ်ပြည်၏အနေအထားမှာ အရေးကြီးလာသည်။ တရုတ်ပြည်သည် မည်သည့်အခြေ အနေအောက်တွင်ဖြစ်စေ နအဖ အကျိုးစီးပွားအတွက် အသေအလဲ ခုခံကာကွယ်သွားလိမ့်မည်ဟု လေ့နံ့ခါးထစ် မှတ်ယူရန်မသင့်၊ ဖြစ်လည်းမဖြစ်နိုင်ပါ။ သို့ရာတွင် မြန်မာနိုင်ငံအရေးအတွက် တရုပ်ပြည်ကို ချည်းကပ်ပုံလမ်းကြောင်း ကိုမူ သတိထားရွေးချယ်သင့်သည်။

တရုတ်ပြည်ကို ချည်းကပ်ရန်လမ်းကြောင်းမှာ အဓိကအားဖြင့် ဥပဒေစိုးမိုးရေးရှုဒေါင့်မှ ဖြစ်သင့်သည်။ အတိအကျ အားဖြင့်ပြောရလျှင် ဥပဒေစိုးမိုးရေးလမ်းကြောင်းမှာ ၁၉၇၅ ခုနှစ် နောက်ပိုင်းကစ၍ တရုတ်ပြည်ကိုယ်တိုင် လျှောက် လှမ်းခဲ့ပြီး ယနေ့အချိန်အထိ အောင်မြင်မှုရနေသော လမ်းကြောင်းဖြစ်သည်။ တရုပ်ပြည်သည် ဥပဒေစိုးမိုးရေး အခြေခံတွင် ဈေးကွက်စီးပွားရေးကို အတိုင်းအတာနှင့်အညီ ကျင့်သုံးနိုင်ခဲ့သဖြင့် တိုင်းပြည်တည်ငြိမ်မှုနှင့် တိုးတက် မှုကို ခံစားနေရသည်။ တရုပ်ပြည်ကို ယနေ့အချိန်တွင် နိုးနေသောနဂါးကြီးအဖြစ် အသိအမှတ်ပြုလာရသည်။ မြန်မာနိုင်ငံ၌ နအဖ၏ အုပ်ချုပ်မှုအောက်တွင် မည်မျှအထိ ဥပဒေစိုးမိုးရေးကင်းမဲ့နေကြောင်းနှင့် နအဖ၏ အုပ်ချုပ် မှု ယန္တယားကို မိမိတို့အနေဖြင့် ဥပဒေစိုးမိုးရေးအခြေခံဖြင့် မည်သို့အစားထိုးပြီး (နအဖ မရှိသော်လည်း) တိုင်းပြည် တည်ငြိမ်အောင်နှင့် တိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်ကြောင်းကို အခိုင်အမာပြသနိုင်ရန် ကြိုးပမ်းသင့်သည်။ မြန်မာနိုင်ငံတွင် ဥပဒေစိုးမိုးမှုကင်းမဲ့သောကြောင့် ဖြစ်ပွားနေသော ပြည်တွင်းစီးပွားရေးမတည်ငြိမ်မှုနှင့် နိုင်ငံတကာ အဆင့် ရာဇဝတ်မှုကျူးလွန်မှုများကို မီးမောင်းထိုးပြရန်ဖြစ်သည်။

နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်မှုများနှင့်စပ်လျဉ်း၍ တရုပ်ပြည်၏ နောက်ခံသမိုင်းမှာလည်း စိတ်ဝင်စားဘွယ် ကောင်း သည်။ မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် တွဲဘက်လုပ်ကိုင်လျက်ရှိသော Global Justice Center ၏ သုတေသနပြု ချက်အရ နိုင်ငံတကာဥပဒေ၊ နိုင်ငံတကာလူသားချင်းစာနာထောက်ထားသည့် ဥပဒေများကို ချိုးဖေါက်သဖြင့် နိုင်ငံ တနိုင်ငံအပေါ် သို့မဟုတ် ၎င်း၏အာဏာပိုင်များအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရမည့် အနေအထားမျိုး ရှိလာသည့်အခါတိုင်း တရုပ်ပြည်သည် မည်သည့် အခါတွင်ကမျှ ဗီတိုအာဏာသုံး၍ကန့်ကွက်ခဲ့ ဘူးခြင်း မရှိဟူ၍ဖြစ်သည်။ တနည်းအားဖြင့် ရာဇဝတ်ကောင်များကို အကာအကွယ်ပေးသည့် မူဝါဒကို တရုတ်ပြည် က မကျင့်သုံး ဟူ၍ဆိုလိုသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျှက်ရှိသော ပြစ်မှုကြီးများ၊ ဥပဒေမဲ့ တရားမဲ့ပြုကျင့်မှုကြီးများကို အားလုံးဝိုင်းဝန်းဖေါ်ထုတ်နိုင်လျှင် တရုပ်ပြည်သည် ကုလသမဂ္ဂကို ဦးဆောင်လျှက်ရှိသော နိုင်ငံကြီးတနိုင်ငံအနေဖြင့် ၄င်း၏ဂုဏ်သိက္ခာကို ထိမ်းသိမ်းရေးဖက်က စဉ်းစါးမည်ဟုမျှော်လင့်သည်။ နအဖကို အသေအလဲခုခံကာကွယ်ပေးတော့မည် မဟုတ်ဟု ယူဆသည်။ သို့ရာတွင် ယခုအချိန်အထိမူ ဤရှုဒေါင့်မှ တင်ပြချက်မှာ များစွာပင်အားနည်းလျှက် ရှိနေသေးသည်။ နိုင်ငံတကာအစိုးရ အများစုကြီးက လက်ခံလာနိုင်လောက်သည်အထိ တင်ပြနိုင်ခြင်း မရှိသေးပါ။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျှက်ရှိသော ပြစ်မှုကြီးများနှင့်စပ်လျှဉ်း၍ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးအနေဖြင့် အရေးယူဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ လွှဲပြောင်းပေးအပ်ရေး ကြိုးပမ်းမှုမှာ များစွာခက်ခဲသော လုပ်ငန်းဖြစ်သည်ကို မငြင်းလိုပါ။ သို့ရာတွင်

(၁) နိုင်ငံတကာ ဥပဒေအရ လုံးဝဘောင်ဝင်သော ကြိုးပမ်းမှုဖြစ်သည်။
(၂) အလားအလာမရှိဟု မည်သူမျှ အခိုင်အမာ မပြောနိုင်။ မမျှော်လင့်မှုတွေ ဖြစ်လာခဲ့တာရှိသည်။

၂၀၀၅ ခုနှစ် ဆူဒန် မှုခင်းတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုင်ငံတကာတရားရုံးသို့လွှဲခဲ့။

၂၀၀၆ ခုနှစ်၊ မေလ ၂၉ ရက် ဩစတြေးလျှနိုင်ငံ လေဘာပါတီက ယင်းအတိုင်းဆောင်ရွက်ရန် ကြေငြာချက်ထုတ်ခဲ့။

၂၀၀၇ ဇွန် အိုင်စီအာစီမှ နအဖသည် နိုင်ငံတကာ လူသားချင်းစါနာထောက်ထားသည့် ဥပဒေကို ချိုးဖေါက်သည့် မှုခင်းကြီးများကို ကျူးလွန်နေကြောင်း ထုတ်ပြန်ချက်ထုတ်ခဲ့။

၂၀၀၈ ဖေဖေါ်ဝါရီ ဗြိတိသျှအစိုးရ ရှေ့နေချုပ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတကာ ဥပဒေအရ ဖြစ်နိုင်ခြေရှိသည်ကို အငြင်းမပွားခဲ့။

၂၀၀၈ မေ ဗြိတိသျှ အတိုက်အခံ တိုရီပါတီခေါင်းဆောင် ဒေးဗစ်ကင်မရွန်၏ တိုက်တွန်းချက်ပေါ်ထွက်လာခဲ့။

၂၀၀၈ မေ ဂျပန်နိုင်ငံ လွှတ်တော်အမတ်များနှင့် တွေ့ဆုံရာ၌ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး ရောမဥပဒေကို လက်မှတ်ရေးထိုးအတည်ပြုရာ၌ အဓိကတွန်းအားပေး ဆောင်ရွက်ခဲ့သောအမတ်အချို့တို့၏ အားပေးမှုရရှိခဲ့။

၂၀၀၈ မေ ၂၂ ရက်နေ့တွင် ဥရောပသမဂ္ဂပါလီမန်မှနေ၍ နာဂစ်ဆိုင်ကလုံး ဖြစ်ရပ်ကြီးတွင်နအဖ၏ လျစ်လျူရှုမှုအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးသို့ လွှဲပြောင်းပေးအပ်အရေးယူသွားရေးအတွက် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအားလုံးကို တွန်းအားပေးဆောင်ရွက်သွားရန် ဟူသော ဆုံးဖြတ်ချက်ကျခဲ့။

၂၀၀၈ မေ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက မြန်မာနိုင်ငံအရှေ့ပိုင်း တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားခဲ့သော ကျူးလွန်မှုကြီးများမှာ လူသားဖြစ်မှုကို ဆန့်ကျင်သည့် ပြစ်မှုမြောက်ကြောင်း အစီရင်ခံစာ ထုတ်ပြန်ခဲ့။

> ၂၀၀၈ ဇွန် အမေရိကန်ပြည်ထောင်စု ဒီမိုကရက်ပါတီ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဘူးသည့် ဂျွန်ကယ်ရီက နအဖ ကျူးလွန်ခဲ့သော ပြစ်မှုကြီးများမှာ နိုင်ငံတကာ ဥပဒေကို ချိုးဖေါက်ရာရောက်မရောက် စစ်ဆေးပေးရန် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တောင်းဆိုခဲ့။

ဤသို့ အဆင့်ဆင့် တိုးတက်မှုများ ရရှိလာစဉ်မှာပင် ၂၀၀၈ ခုနှစ် ဇူလိုင်လ (၁၄) ရက်နေ့တွင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး၏ ရှေ့နေကြီးက ဆူဒန် နိုင်ငံသမတ အုမ်မာ အယ်ဘတ်ရှီးယားသည် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးရောမဥပဒေကို ချိုးဖောက်သည့် ပြစ်မှုကြီးများကို ကျူးလွန်ကြောင်းဖြင့် စွဲချက်တင်လိုက်ရာ တကမ္ဘာလုံးကို ရိုက်ခတ်သည့် သတင်းကြီးဖြစ်သွားခဲ့သည်။ တိုင်းပြည်တခု၏ လက်ရှိအာဏာရ အမြင့်ဆုံးသမတကြီးတဦးကို နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးက တိုက်ရိုက်အရေးယူ တရားစွဲဆိုခြင်းမှာ ယခုတကြိမ်သည် ပထမဆုံးဖြစ်သည်။

ဆူဒန် နိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ပင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးရောမဥပဒေကို လက်မှတ်ရေးထိုးအတည်ပြုထားခြင်းမရှိ။ မြန်မာနိုင်ငံမှာကဲ့သို့ပင် ဆူဒန်အစိုးရကို တရုပ်ပြည်နှင့် အခြားနိုင်ငံကြီးများ၏ ထောက်ပံ့မှု၊ လွှမ်းမိုးမှုရှိသည်။ ယင်းသို့သောအခြေအနေအောက်၌ ယခုအခါ ဆူဒန်အစိုးရ၏ ထိပ်သီးသမ္မတကြီးကိုယ်တိုင်သည်ပင်လျှင်ရာဇဝတ်ကောင်အဖြစ် ရုံးတင်ခံရသောဘဝသို့ ရောက်သွားပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်းအဘယ်ကြောင့် ထိုသို့ မဖြစ်နိုင်ရမည်နည်းဟူ၍ အားတက်ဖွယ်ရာများလည်း အထင်အရှားပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။

ထိုအချိန်မှာပင် ဘော့စနီးယန်း ဆာ့ဗ် နိုင်ငံ၏ သမ္မတဟောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ ရာဒိုဗန် ကရားဒစ်ကို ဖမ်းဆီးရမိပြီး ယခု ၂၀၀၈ ခုနှစ်၊ ဂျူလိုင်လ (၃၁)ရက်နေ့မှာပင် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးသို့ လွှဲပြောင်းပေးအပ်လိုက်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်လာရပြန်သည်။ နိုင်ငံတကာပြစ်မှုဆိုင်ရာ ဥပဒေအခြေခံတွင် ဆက်တိုက်အရေးယူဆောင်ရွက်လျှက်ရှိသော ယင်းဖြစ်ရပ်များကို လေ့လာသုံးသပ်ခြင်းအားဖြင့် ဥပဒေ၏အထက်တွင် မည်သူမျှမရှိဟူသော ဥပဒေစိုးမိုးရေးတန်ဘိုးစံသည် ယနေ့ကမ္ဘာတွင် စတင်အကောင်အထည်ပေါ်လာပြီဟု သုံးသပ်နိုင်သည်။ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လမှစ၍ နယ်သာလင်နိုင်ငံ ဟိတ်မြို့တွင် တည်ရှိနေသော လွတ်လပ်သည့် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကြီးသည် နိုင်ငံတကာနိုင်ငံများတွင် ကြီးမားသော ပြစ်မှုကြီးများကို ကျူးလွန်သည့် ရာဇဝတ်ကောင်များအား ဆက်တိုက်အရေးယူတော့မည့် ဝရဇိန်လက်နက်ကို ကိုင်စွဲထားသော သိကြားမင်းသဖွယ် တစတစ ပုံပေါ်လာပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် အာဏာရ စစ်အုပ်စု ထိပ်သီးများအနက် နိုင်ငံတကာရာဇဝတ်မှုကြီးများကျူးလွန်ခဲ့၊ ကျူးလွန်ဆဲဖြစ်သော စစ်ခေါင်းဆောင်များကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးသို့ တင်သွင်းနိုင်ရေး ကြိုးပမ်းရာတွင် အခက်အခဲများစွာရှိပါဦးမည်။ မြန်မာနိုင်ငံရှေ့နေများကောင်စီ တဖွဲ့တည်း၊ သို့မဟုတ် အဖွဲ့အချို့မျှ ပူးပေါင်းဆောင်ရွက်ရုံဖြင့် ကြီးမားသောအရှိန်အဟုန်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် လုံလောက်သောဖိအားပေးနိုင်ရန်၊ ဖြစ်နိုင်မည်မဟုတ်ပါ။ စစ်အာဏာရှင်စနစ်ကို ပြုတ်ပြုတ်သားသားဆန့်ကျင်ရေးအခြေခံပေါ်တွင်၊ တရားမျှတမှု ရှာဖွေသွားရေးကို လိုလားမြတ်နိုးသော နိုင်ငံရေးပါတီများ၊ လူထုအဖွဲ့အစည်းများ၊ တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်များအားလုံး စုပေါင်းဆောင်ရွက်နိုင်ကြလျှင်မူ အောင်မြင်နိုင်ခြေများ ရှိနေပါသည်။ မည်သို့မည်ပုံ စနစ်တကျ ပူးပေါင်းဆောင်ရွက်ကြမည်ကိုသာ စဉ်းစားသုံးသပ်ကြရန်နှင့် အချိန်မဆိုင်းဘဲ အမြန်ဆုံးအကောင်အထည်ဖေါ်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံ ရှေ့နေများကောင်စီ                    နေ့စွဲ။ ဩဂုတ်လ (၂၅) ရက် ၂၀၀၈ ခုနှစ်